ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန
ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန(ရုံးချုပ်)
နေပြည်တော်

စာအမှတ်၊ ကလ(နပတ) ၈၆၀/ ၂၀၁၉/ ၆၉၇
ရက်    စွဲ ၊ ၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ [illegible] ရက်

အကြောင်းအရာ။ **Permit ထုတ်ပေးရေးအတွက် ဦးစားပေး မော်တော်ယာဉ်စာရင်းများ ရွေးချယ်တင်ပြရန်ကိစ္စ**

ရည် ညွှန်း ချက် ။ ဤဦးစီးဌာန(ရုံးချုပ်)၏ ၃၀.၈.၂၀၁၉ ရက်စွဲပါ စာအမှတ်၊ ကလ (နပတ) ၈၆၀/၂၀၁၉/ ၆၂၈

၁။ မဟာမဲခေါင်ဒေသခွဲအတွင်း ကုန်စည်နှင့်လူများ နယ်စပ်ဖြတ်ကျော်ပို့ဆောင်မည့် နယ်စပ်ဖြတ်ကျော်ပို့ဆောင်ရေးလုပ်ငန်းလုပ်ကိုင်ခွင့်လိုင်စင်အား သယ်ယူပို့ဆောင်ရေးလုပ်ငန်းလုပ်ကိုင်သူများသို့ ထုတ်ပေးလျက်ရှိပြီး လုပ်ငန်းရှင်များ၏ ပို့ဆောင်ရေးလုပ်ငန်းစွမ်းဆောင်ရည်အပေါ် မူတည်၍ အမျိုးသားပို့ဆောင်မှုလွယ်ကူချောမွေ့စေရေးကော်မတီအတွင်းရေးမှူးရုံးအဖွဲ့မှ နယ်စပ်ဖြတ်ကျော်ပို့ဆောင်ရေးခွင့်ပြုမိန့် (Permit) ထုတ်ပေးမှုနှင့်ပတ်သက်၍ ကြိုတင်သိရှိထားရန် အချက်များကို လုပ်ငန်းရှင်များသို့ ရည်ညွှန်းပါစာဖြင့် အကြောင်းကြားခဲ့ပြီး ဖြစ်ပါသည်။

၂။ လုပ်ငန်းရှင်များအား နယ်စပ်ဖြတ်ကျော်ပို့ဆောင်ရေးခွင့်ပြုမိန့် (Permit) အဆင်ပြေစွာ ထုတ်ပေးနိုင်ရေးအတွက် (၁၉.၉.၂၀၁၉) ရက်တွင် အမျိုးသားပို့ဆောင်မှုလွယ်ကူချောမွေ့စေရေးကော်မတီ (NTFC)၊ အတွင်းရေးမှူးရုံးအဖွဲ့မှ အောက်ပါအချက်အလက်များကို ထပ်မံပေးပို့ရန် ညှိနှိုင်းလာပါသည်-

(က) လုပ်ငန်းရှင်များ တင်ပြထားသည့် သယ်ယူပို့ဆောင်ရေးမော်တော်ယာဉ်၊ နောက်တွဲယာဉ်များအနက်မှ နိုင်ငံဖြတ်ကျော်ဆောင်ရွက်ရန်အတွက် ဦးစားပေးဆောင်ရွက်မည့် ယာဉ်စာရင်းအား အမှတ်စဉ်အလိုက် ရွေးချယ်ပြုစုတင်ပြရန်၊

(ခ) ထိုသို့ရွေးချယ်ထားသည့်ယာဉ်များတွင် မောင်းနှင်မည့် ယာဉ်မောင်း၊ အရန်ယာဉ်မောင်း၊ ယာဉ်နောက်လိုက်၊ အရန်ယာဉ်နောက်လိုက်များ၏ အမည်စာရင်းအား ပြုစုတင်ပြရန်၊

(ဂ) ယာဉ်မောင်း၊ ယာဉ်နောက်လိုက်များအနေဖြင့် နိုင်ငံကူးလက်မှတ် (Passport) နှင့် ဝင်ခွင့် (Visa) များ ရရှိရေး သက်ဆိုင်ရာဌာနများနှင့် ကြိုတင်ဆက်သွယ်ဆောင်ရွက်ရန်။

၃။ သို့ဖြစ်ပါ၍ နယ်စပ်ဖြတ်ကျော်သယ်ယူပို့ဆောင်ရေးလုပ်ငန်းလုပ်ကိုင်ခွင့်လိုင်စင် ရယူထားပြီးဖြစ်သည့် လုပ်ငန်းရှင်များအနေဖြင့် အထက်အပိုဒ် ၂ (က) (ခ) ပါ စာရင်းများအား ပြုစု၍ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန(ရုံးချုပ်)၊ ရုံးအမှတ် ၂၉ သို့ (၂၃.၉.၂၀၁၉)ရက်အရောက် ပေးပို့တင်ပြရန် အကြောင်းကြားပါသည်။

ညွှန်ကြားရေးမှူးချုပ်(ကိုယ်စား)
(သင့်မြတ်သူ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်)

ဖြန့်ဝေခြင်း

၁။ ဦးထွန်းမင်းအောင်၊ Managing Director, Hercules Logistics Co.,Ltd
(၅၅)လမ်း၊ ဖိုးရာဇာလမ်းနှင့်ဦးပုညလမ်းကြား၊ (ဈ)ရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။

၂။ ဦးမြင့်ကြည်၊ Managing Director, Yangon MK Group Transportation Co.,Ltd
တိုက်(၇၇)၊ အခန်း(၁၀၃)၊ ပထမထပ်၊ ဗိုလ်တစ်ထောင်ဈေးလမ်း၊ ဗိုလ်တစ်ထောင်မြို့နယ်၊ ရန်ကုန်မြို့။

၃။ ဦးမောင်ကျေး၊ Chairman, Resources Group Logistics Co.,Ltd
အမှတ်(၃၆)၊သိမ်ဖြူလမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

၄။ ဦးဝင်းစန်းလွင်၊ Director, Loyal Link Co.,Ltd
အမှတ်(၄၇)၊ ငုဝါလမ်း၊ စောရန်ပိုင်တောင်ရပ်ကွက်၊အလုံမြို့နယ်၊ ရန်ကုန်မြို့။

၅။ ဦးထွဋ်မြတ်အောင်၊ Managing Director , Ni Ni (Myawadi) Trading Co.,Ltd
အမှတ်(၃၈/၄၀)၊ ၅လွှာ၊ ရွှေဘုံသာလမ်း၊ အောက်ဘလောက်၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။

၆။ ဦးသန်းဝင်း၊ Director, KTW (MYAWADDY)LOGISTICS TRANSPORTATION Co.,Ltd
အခန်း(၆)၊ (၄)လမ်း၊ သီရိမွန်ပလာဇာ၊ ဘုရင့်နောင်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။

၇။ ဦးသန့်၊ Admin/HR Director, Myanmar Fast & Forward Co.,Ltd
အမှတ်(၂၀၂)၊ တိုက်(၂)၊ ဧယျာမွန်အိမ်ရာ၊ ဘုရင့်နောင်လမ်းမကြီး၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။

၈။ ဒေါ်သင်းသင်းမြတ်၊ Apex World International Co.,Ltd
အမှတ်(၁၁၉)၊ (၉၂)လမ်း၊ ကန်တော်ကလေး(အရှေ့ရပ်ကွက်)၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။

၉။ ဦးအောင်မိုး၊ Moe Nantaw Transportation Co.,Ltd
အမှတ်(၇၈/၈၂)၊ အခန်း(၁၀၁)၊ ဗိုလ်တစ်ထောင်ဈေးလမ်း၊ ၃ ရပ်ကွက်၊ ဗိုလ်တစ်ထောင်မြို့နယ်၊ ရန်ကုန်မြို့။

၁၀။ ဦးထွန်းထွန်း၊ Yoma Fleed Limited
အမှတ်(၁)၊ ရုံးများဝင်း၊ ကုက္ကိုလ်ရိပ်သာလမ်း၊ ပန်းလှိုင်အိမ်ယာ၊ လှိုင်သာယာမြို့နယ်၊ ရန်ကုန်မြို့။

မိတ္တူကို

ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန။
ညွှန်ကြားရေးမှူးချုပ်(ရုံးအဖွဲ့)။
ဒုတိယညွှန်ကြားရေးမှူးချုပ်(ဦးစီး၊ လုပ်ငန်း)။
ရုံးလက်ခံ။
မျှောစာတွဲ။